# ပညာခေတ်




ကျော်ဝင်း၊ ကမ္ဘာကြီးရဲ့မနက်ဖြန်၊ ပညာရွှေတောင်စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၀၂၊ စာ ၁–၁၁

## အပိုင်း(၁)

## ပညာအလုပ်သမား (Knowlwdge Woker)

### နန်းကျသွားသောအရင်း

'ဂွန်ဒီရှေ့(ခ)ဖဲလား'၊ 'ဂျေပီမော်ဂန်'၊ 'အင်ဒရူးကာနက်ဂျီ' စသော အမည်များကို မှတ်မိနေသူတွေ ရှိလိမ့်ဦးမည် ထင်ပါသည်။ စံတော်ဝင် လက်ဝဲကျမ်းကြီး ကျမ်းငယ်များတွင် မကြာခဏ တွေ့ရတတ်သော အရင်းရှင်ကြီးများ၏ အမည်ဖြစ်သည်။ အဆိုပါကျမ်းကြီးများ ရေပန်းစားစဉ်ကတော့ ဆိုခဲ့ပါ အရင်းရှင်ကြီးများမှာ ဘုန်းမီးနေလတောက်ပချိန် ဖြစ်သည်။ သူတို့ထဲမှ တစ်ယောက်ယောက်၏ အိပ်ထောင်ထဲတွင် ထည့်ထားသော အသေးသုံး ငွေမျှလောက်နှင့် သူတို့ တိုင်းပြည်၏ စက်မှုလုပ်ငန်းကြီး တစ်ခုလုံးကို ထောက်ပံ့

နိုင်သည်ဟု အဆိုရှိပါသည်။

ယခုတော့ ဤဇာတ်လမ်းတွေမှာ ပုံပြင်ဖြစ်သွားပါပြီ။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့ထုတ် 'ဖော်ကျွန်းမဂ္ဂဇင်း'၏ တွက်ချက်ဖော်ပြမှုကိုကြည့်။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံမှ အချမ်းသာဆုံး သူဌေးကြီးတစ်ထောင်၏ ပိုင်ဆိုင်သမျှကို ပေါင်းလိုက်ပါ။ ရရှိသော စုစုပေါင်းအရင်းဖြင့် အမေရိကန်တွင်ရှိသော အဓိကစီးပွားရေး လုပ်ငန်းကြီးမျိုးတစ်ခုထူထောင်ကြည့်ပါ။ လအနည်းငယ်သာ လည်ပတ်ဖို့ လုံလောက်လိမ့်မည်ဟု ဆိုပါသည်။

လေယာဉ်ပျက်၊ သို့မဟုတ် လေဖြတ်၊ သို့မဟုတ် အေအိုင်ဒီအက်(စ)ဖြစ်၊ (ကံမကောင်းအကြောင်းမလှ၍) ဤလို ဆူပါဇောတိကတွေတစ်ပြိုင်နက်တည်း ရှောဘရားသား ပြကုန်သည်ထား။ ကမ္ဘာ့စီးပွားရေးကမျက်မွေးထော်မော်၍ပင် ကြည့်မည်မဟုတ်။ အလည်အပတ်မပျက်၊ အပြုံးမပျက်။ နှာစေးချောင်းဆိုးပင် ဖြစ်စရာမရှိဟု ဆိုပါသည်။ စင်စစ်သူတို့တစ်တွေမှာ မီဒီယာများ၏ အတင်းအဖျင်း စာမျက်နှာများပေါ်တွင်သာ နေရာရရှာပါတော့သည်။

ဖော်ပြပါ အချက်မှာ မျက်မှောက်ခေတ် အရင်းရှင်ကြီးများကို စီးပွားရေးပိုင်ဆိုင်မှုဘက်မှ ချဉ်းကပ်ကြည့်ခြင်းဖြစ်သည်။ ယခုလုပ်ပိုင်ခွင့်သြဇာအာဏာဘက်မှ ကြည့်ပါဦးမည်။ (၁၉၀၇)ခုနှစ်က စတော့ဈေးကွက်တစ်ခုလုံး လှုပ်လှုပ်ရွရွနှင့် ပြိုတော့မလို ရှိရာ 'ဂျေပီမော်ဂန်'က ရှယ်ယာတွေ ဝယ်မည်ဟု ကမ်းလှမ်းရုံမျှနှင့် ပြန်လည်ငြိမ်သက်သွားခဲ့ဖူးပါသည်။ ၁၉၈၇ ခုနှစ်လောက်ကလည်း တစ်ခုသော တနင်္လာနေ့တွင် စတော့ဈေးကွက်ပြိုကျဖူးပါသည်။ သို့သော် မည်သည့် အရင်းရှင်ကြီးကမှ ပြဿဒါးတနင်္လာကို မကယ်တင်နိုင်ခဲ့ပါ။

၁၉၇၀ အလွန်နှစ်များအတွင်းက လက်ဝဲစာနယ်ဇင်း လောကတွင်ရေပန်းစားခဲ့ဖူးသည့် သတင်းစကားတစ်ခု ရှိသည်။ ထိုစဉ်က ချီလီနိုင်ငံတွင် ဆိုရှယ်လစ်သမ္မတ'အာလင်ဒေး' အာဏာရနေချိန်။ ဆိုရှယ်လစ်ပီပီ စီးပွားရေးလုပ်ငန်းတော်တော်များများကို နိုင်ငံပိုင် သိမ်းပစ်လိုက်သည်။ ထိုအထဲတွင် အမေရိကန် တယ်လီဖုန်းကုမ္ပဏီလည်း ပါသည်။ ဤတွင် ကုမ္ပဏီအစုရှယ်ယာဝင် အရင်းရှင်ကြီးများက ချီလီကို ဝင်သိမ်းဖို့သမ္မတနစ်ဆင်ကို

ဖိအားပေးကြသည်ဟု ဆိုပါသည်။ ၁၉၇၃ တွင် အမေရိကန်စွက်ဖက်မှု တကယ်ဖြစ်လာပြီး 'အာလင်ဒေး' ပြုတ်ကျသွားသည်။ သို့သော် ဘယ်ကုမ္ပဏီကိုမှ လျော်ကြေးမပေးဟု သမ္မတကိုယ်တိုင်က ခပ်ပြတ်ပြတ် ကြေညာခဲ့ပါသည်။ ဤတွင် ပြောလိုသည်မှာ အမေရိကန်ပေါ်လစီသည် အရင်းရှင်ကြီးများ၏ ဖိအားကြောင့်မဟုတ်။ သူ့အကြောင်းနှင့်သူ ဖြစ်သည်ဆိုသော အချက်ဖြစ်ပါသည်။ ၁၉၂၂ ခုနှစ် ဂျာမနီနိုင်ငံမှ ကျောက်မီးသွေးနှင့် သံမဏိသူဌေးကြီး 'ယူဂိုစတင်း'က ဂျာမနီအစိုးရကို ခါးပိုက်ထဲ ထည့်ထားနိုင်သလိုမျိုး။ ယခုခေတ် ဘယ်အရင်းရှင်မှ မစွမ်းနိုင်တော့ဟု ဆိုလိုပါသည်။

ဤအထောက်အထားများကို ကြည့်လျှင် ရာစု(၃)စုမျှ ရာဇပလ္လင်ပေါ် မြဲခဲ့သော 'အရင်း'မှာ နန်းသက်ကြွေပြီဟု မဆိုနိုင်သည့်တိုင်၊ အိမ်နိမ့်စံဘဝ လျှောကျသွားပြီဟူ၍တော့ ယူနိုင်မည်ထင်သည်။ ယခုမှပဲ တကယ့် စက္ကူကျား ဖြစ်ရတော့မည့်ကိန်းဟု ဆိုနိုင်ပါလိမ့်မည်။ တစ်ခုတော့ ရှိသည်။ သူ့ကို နန်းရင်ပြင်မှ ဆွဲချခဲ့သူမှာ သူ့ပြိုင်ဘက်ဟောင်း၊ သူ့ကမ္ဘာ့ရန်၊ 'လုပ်အား' တော့ မဟုတ်။ လွန်ခဲ့သော နှစ်တစ်ရာကျော်က 'ကားလမက်စ်' နိမိတ်ဖတ်ခဲ့သလို 'လုပ်အား'မှာ တွင်းတူးသမားတော့ ဖြစ်ချင်လည်း ဖြစ်ပါလိမ့်မည်။ ခက်နေသည်က သူတူးလိုက်သော တွင်းထဲသို့ သူ့ရန်သူသာမက သူပါလိမ့်ကျတော့မလို ဖြစ်နေရခြင်းပင်။ 'အရင်း'၏ ကျဆုံးခန်းကို ကြည့်ပြီး 'အစက ငါမပြောလား' လုပ်လို့မရ။ 'သူမသာ၊ ကိုယ့်သင်္ချိုင်းကုန်း' ဆိုသလိုမျိုး ဖြစ်နေတော့သည်။

**နောက်ရောက်သွားသော "လုပ်အား"**

နှစ်ဆယ်ရာစု၏ လူမှုရှုခင်း အပြောင်းအလဲတွင် စက်မှုအလုပ်သမား လူတန်းစား၏ အတက်နှင့်အကျမှာ အရေးပါဆုံး ဖြစ်ဖွယ်ရှိပါသည်။ ဤ လူတန်းစားမှာ သူ့အရင်၊ လယ်သမားများနှင့် ဆက်စပ်ဖြစ်ပေါ်လာခဲ့သော်လည်း ၁၈ ရာစု စက်မှုတော်လှန်ရေးကြောင့်သာ လူတန်းစား တစ်ရပ်အဖြစ် ရုပ်လုံးကြွလာခဲ့ခြင်း ဖြစ်သည်။ ၁၈၄၈ ခုနှစ်က ထွက်ပေါ်ခဲ့သော 'ကားလ်မာက်(စ်)'၏ ကြေညာစာတမ်းတွင် ဤလူတန်းစားကို'ပစ္စည်းမဲ့' (Proletariat)ဟု ဝိဂြိုဟ်ပြုခဲ့ပါသည်။

'ပစ္စည်းမဲ့'ဆိုသော ဘာသာပြန်မှာ 'တွင်' နေပြီဖြစ်၍ 'ပစ္စည်းမဲ့'

လိုက်ရသော်လည်း 'ပရိုလက်တေးရီးယား'၏ အဓိပ္ပာယ်မှာ ထို့ထက်ပို ကျယ်ဝန်းပါသည်။ လုပ်အားမှလွဲ၍ ဘာတစ်ခုမှ ရောင်းစရာမရှိသော ခေတ်မှီ ကုန်ထုတ်ကိရိယာများနှင့် အမြဲ ယှဉ်ပါးနေ၍ အတွေးအခေါ် အရ ရှေ့တန်း အရောက်ဆုံးဖြစ်သော နှောင်ကြိုးမှ လွဲပြီး ဘာမှ ဆုံးရှုံးစရာ မရှိ၍ အလွတ်လပ်ဆုံးဖြစ်သော စသည့်နာမဝိသေသနများစွာဖြင့် 'ပရိုလက် ၃ တေးရီးယား'၏ အရည်အချင်းများကို သတ်မှတ်ခဲ့ပါသည်။ ဤလူတန်းစားကပင် ခေတ်ဟောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီး သကာလ ခေတ်သစ်ကို မီးရှူးသန့်စင်ပေးလိမ့်မည်ဟုလည်း နိမိတ်ဖတ်ခဲ့ပါသည်။

သို့သော် စက်မှုတော်လှန်ရေး အလွန်အနှစ်၊ နှစ်ရာ၊ မာက်(စ်) အလွန်အနှစ်၊ တစ်ရာတွင်ကား ဆိုခဲ့ပါ ဟီးရိုးမှာ အရေအတွက်အရ သော်လည်းကောင်း၊ အရည်အချင်းအရသော် လည်းကောင်း၊ ဆန့်ကျင် ဘက်သို့ရွေ့သွားခဲ့ပါသည်။ ၁၉၂၅ ခုနှစ်တွင် အကြီးဆုံး အလုပ် အင်အားစုကြီးဖြစ်ခဲ့သည်။ နောင်အနှစ်အစိတ်အကြာ ၁၉၅၀ အလွန်နှစ်တွင် အရေးကြီးဆုံး နိုင်ငံရေးအင်အားစုပင် ဖြစ်လာသည်။ သို့သော် ၁၉၇၀ အလွန်နှစ်များလောက် မှစ၍ အကျဘက်သို့ ရောက်လာ ခဲ့ပါသည်။ စက်မှုအင်အားကြီး ခုနှစ်နိုင်ငံ(ဂျီ-ဆဲဗင်း)၏ အလုပ်အင်အားစု စာရင်းဇယားများက ဤအချက်ကို ဖော်ပြနေသည်။ ၁၉၇၀ အလွန် နှစ်များတွင် ၃၀%၊ ၁၉၉၀ အလွန်နှစ်များတွင် ၁၇%၊ ခရစ်နှစ် ၂၀၂၅တွင် ဂဏန်းတစ်လုံးထက် မပိုနိုင်ဟု ဆိုသည်။ ဤနှုန်း အတိုင်းဆိုလျှင် စက်မှုအလုပ်သမားများ၏ အဆင်းခရီးမှာ အတက် ခရီးထက်ပင် ပို၍ မြန်ဆန်မည့် သဘောရှိပါသည်။

ဤသည်တို့မှာ အရေအတွက်ဘက်က ပြောခြင်းဖြစ်သည်။ အရည်အချင်းဘက်က ဆိုလျှင်လည်း အထက်တွင် ဖော်ပြခဲ့သည့် ဂုဏ်ရည်များနှင့် ယနေ့အလုပ်သမားကို ချိန်ထိုးစဉ်းစားကြဖို့ ဖြစ်ပါသည်။ အလုပ်သမားအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် လုပ်နိုင်စွမ်းရည်ကို ကြည့်လျှင် အဖြေကို အလွယ်နှင့် တွေ့နိုင်မည် ထင်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံအများစု အလုပ်သမား အဖွဲ့အစည်းများမှာ ၁၉၆၀ အလွန် နှစ်များလောက်မှစ၍ မူလရည်ရွယ်ချက်များမှ သွေဖည်လာ ကြသည်ဟု သိရပါသည်။ ပထမလုပ်အားနှင့် အရင်းကြား စေ့စပ်ညှိ

နိုင်းပေးသော ပွဲစားအခန်း၊ နောက်အလုပ်ရှင်ကိုယ်စားလှယ်၊ နောက်ဆုံး စီးပွားရေးအဖွဲ့ အစည်းများအဆင့်သို့ပင် လျှောကျသွားပါသည်။ ဒုတိယကမ္ဘာစစ်ပြီးစဉ် ကတည်းက ထင်ရှားသည့် အလုပ်သမား ခေါင်းဆောင် ဆို၍ ပိုလန်'သွေးစည်းခိုင်မာရေး'မှ 'ဗာလေးဆား' တစ်ဦးသာပေါ်ခဲ့ ဖူးသည်ဟုပင် ပြောလာကြပါသည်။ ထူးခြားသည်က ထိုအလုပ်သမား ခေါင်းဆောင်တိုက်သည်မှာ အရင်းရှင်အစိုးရကို မဟုတ်။ အလုပ်သမား ပါတီအစိုးရနှင့်ထိပ်တိုက် တိုးခြင်းဖြစ်သည်။ နောင်တွင် ဆိုဗီယက်လွှန် ပိုလန်၏ ပထမဆုံးတရားဝင်သမ္မတ ဖြစ်လာပါသည်။

ဆိုဗီယက်ယူနီယံ ပြိုကွဲအပြီးတွင်ကား အဆိုပါ လူတန်းစားကို ကိုယ်စားပြုသည်ဆိုသော ပါတီများနှင့် အိုင်ဒီအိုလိုဂျီတွင်ပါ ကြီးစွာသော စိတ်ခေါ်မှုများနှင့် ရင်ဆိုင်လိုက်ရပါသည်။ စစ်အေးလွန်ခေတ်တွင် 'ပုဂ္ဂလိပိုင်ပြုရေး' ရေစီးတန်းရောက်လာရာမှ စက်မှုအလုပ်သမားများမှာ အလုပ်ခွင်မှ ဖယ်ရှားခံရတော့သည်။ အန္တရာယ်နှင့် ပင်ကြုံတွေ့နေ ရတော့သည်။

စက်မှုအလုပ်သမား လူတန်းစား၏ ကျဆင်းယိမ်းယိုင်လာရ သည့် ဤအခြေအနေကြီးမှာ အရင်းရှင်တို့၏ သွေးစုပ်မှုကြောင့်ဟု ပြောဖို့ မှာလည်း အတော်ခက်နေသည်။ ဆိုခဲ့ပြီးသည့်အတိုင်း အရင်းရှင်များ ကိုယ်တိုင်မှာလည်း ထွက်တော်မူနန်းက ခွာရတော့မည့် အခြေအနေသို့ ရောက်နေသည်။ ဤသို့ဖြင့် အဖြေရှာမရသလို တရားခံလည်း ပျောက်နေတော့သည်။ ဘာကြောင့်လဲ၊ ဘယ်လိုလဲ. . . ။

တကယ်တော့ အရပ်ရပ် အခြေအနေကို မှောက်လှန်ပြောင်း လဲပစ်လိုက်သည်မှာ တစ်ချိန်ချိန်က နိမိတ်ဖတ်ခဲ့သလို လုပ်အားနှင့် အရင်းတို့၏ လူတန်းစားတိုက်ပွဲတော့ မဟုတ်ပါ။ သတင်းနည်းပညာ တော်လှန်ရေးသည်သာ တကယ့် ဖန်တီးရှင်အစစ်ဟု ဆိုရလိမ့်မည် ထင်ပါသည်။ဤတော်လှန်ရေးကြီးက အရေးကြီးသည့် လူမှုအလွှာ တစ်ရပ်ကို မွေးထုတ်ပေးလိုက်ပါသည်။'ပညာအလုပ်သမား'(Knowledge Worker)ဟု(ယာယီ) အမည်ပေးထားကြပါသည်။

မင်းသားသစ်ကလေး ပေါ်လာရာ၊ မင်းသားကြီးများ၊ ဇာတ်ရံ ဖြစ်သွားရသလိုမျိုးနှင့်တူမည်ထင်သည်။ (၁၈)ရာစု စက်မှုတော်လှန်ရေး

အလွန်၊ လယ်သမားထု ကြုံခဲ့ရသည့် ကံကြမ္မာမျိုးကို အလုပ်သမားလူတန်းစားကိုယ်တိုင် ရှောင်မရ ဖြစ်လာဟန် ရှိသည်။ ဤတွင် 'ကျလူ'ထက် 'တက်လူ'ကို ပို၍ စိတ်ဝင်စားကြခြင်းက သဘာဝကျမည်ဟု ယူဆရပါသည်။

## ရှေ့ရောက်လာသော ပညာ

စိတ်ဝင်စားသည့် စာဖတ်သူများ အနေနှင့်(Knowledge Industry) ဆိုသော ထူးထူးဆန်းဆန်း စကားလုံးကို သတိပြုမိကြလိမ့်မည် ထင်ပါသည်။ ပရင်စတန်တက္ကသိုလ်မှ ဘောဂဗေဒပညာရှင် 'မက်ခလပ်' က စတင်သုံးစွဲလိုက်သော စကားလုံးဟု မှတ်သားမိသည်။ (Industry) ပါ၍ မီးခိုးခေါင်းတိုင်ကြီးများ၊ အလုပ်သမားအုပ်ကြီးများကို မြင်လိုက်လျှင်တော့ တက်တက်စင် လွဲသွားပါလိမ့်မည်။ သတင်းနည်းပညာ အခြေခံ၊ ပညာဉာဏ် လုပ်ငန်းများကို ဆိုလိုရင်းဖြစ်ပါသည်။ ၁၉၆၀ အလွန်နှစ်များမှစ၍ ဤလုပ်ငန်းများမှာ အမေရိကန် စီးပွားရေး၏ ၄၀%ရှိနေပြီဟု ဆိုပါသည်။ ဤလုပ်ငန်းမှ ရသော ဝင်ငွေမှာလည်း ၁၉၅၅ တွင် စုစုပေါင်းတိုင်းပြည်ထုတ်ကုန်တန်ဖိုး(ဂျီအင်ပီ)၏ လေးပုံတစ်ပုံ ရှိရာမှ ၁၉၆၅ တွင် သုံးပုံတစ်ပုံထိ တိုးလာသည်ဟု သိရသည်။

ဟားဗတ်တက္ကသိုလ်မှ ဘောဂဗေဒပညာရှင်'ဒင်နီယယ်ဘဲ(လ်)'၏ အမေရိကန်စီးပွားရေးအပေါ် သုံးသပ်ချက်မှာလည်း စိတ်ဝင်စားဖို့ကောင်းမည်ထင်သည်။ အမေရိကန်စီးပွားရေးမှာ ၁၉၇၀ အလွန်နှစ်များလောက်မှစ၍ 'ကုန်ချောထုတ်လုပ်ရေး' (Manufacturing)မှ 'သတင်းအခြေခံဝန်ဆောင်မှု ထုတ်လုပ်ရေး' (Information-Based Service Production)သို့ ပြောင်းသွားပြီဟု ဆိုပါသည်။ 'ပညာနှင့်ယှဉ်၍ အသက်မွေးဝမ်းကျောင်းပြုသူများ' (Professionals)မှာ စီးပွားရေး လုပ်ငန်းရှင်များထက် ရှေ့တန်းရောက်လာသည်ဟုလည်း ကောက်ချက်ချပါသည်။ လုပ်အားအသုံးပြုသော ကော်လာပြာ အလုပ်သမားများ၏နေရာတွင် ပညာအသုံးပြုသော 'ပညာအလုပ်သမားများ' (Knowledge Worker) များကတစ်စစ အစားဝင်လာနေပြီဟုလည်း သုံးသပ်ပါသည်။ နောက်ဆုံးအနာဂတ်ကို 'ရှေ့တန်းရောက် ပညာရှင်များ' (Egg Heads)က ပိုင်သည်

ဟူ၍ပင် ခပ်ရဲရဲ နိမိတ်ဖတ်လိုက်ပါသည်။

နာမည်ကျော် 'တတိယလှိုင်း' (The Third Wave)ဖြင့် ထင်ရှားခဲ့သူ 'အယ်(လ)ဗင်းတော်ဖလာ'ကလည်းအစုလိုက် အပြုံလိုက် ထုတ်လုပ်မှုနှင့် စားသုံးမှုတို့ ခေတ်ကုန်ပြီဟု ဆိုပါသည်။ ယနေ့ အလုပ်အင်အားစုမှာ ယခင်ကလို'စည်းပါတ်လမ်း' (Essembly Lin)၏ အမောင်းခံမဟုတ် တော့။ သတင်းနည်းပညာ(အထူးသဖြင့်) ကွန်ပျူတာ အမောင်းခံ အလုပ်အင်အား ဖြစ်လာပြီဟု ကောက်ချက်ချပါသည်။ 'ဝီ(လ)ဆင်ဒစ်ဇတ်'ဆိုသော လူမှုဗေဒပညာရှင်ကလည်း (၁၉၈၀)အလွန်နှစ်များကပင် အမေရိကန်သာမက ဖွံ့ဖြိုးပြီး နိုင်ငံအများစုမှာ 'သတင်းခေတ်'ထဲသို့ ဝင်ရောက်လာနေပြီဟု စစ်တမ်းထုတ်ခဲ့ပါသည်။

စီမံခန့်ခွဲမှုပညာရှင် 'ပီတာဒရပ်ကာ'၏ ကောက်ချက်မှာလည်း ဆိုခဲ့ပါ ပညာရှင်များနှင့် နီးစပ်တူညီနေပါသည်။ 'ဒရပ်ကာ'၏ အလိုအရ ယနေ့ရှေ့တန်းရောက် နိုင်ငံကြီးများ၏အဓိက ထုတ်ကုန်မှာ ကုန်စည်နှင့် ဝန်ဆောင်မှု မဟုတ်တော့။ အိုင်ဒီယာနှင့် အင်ဖော်မေးရှင်း ဖြစ်လာပြီဟု ဆိုပါသည်။ ၁၉၇၀ အလွန်နှစ်များတွင် စုစုပေါင်း တိုင်းပြည်ထုတ်ကုန် တန်ဖိုး ဂျီအင်ပီ၏ ၅၀%ရှိရာမှ ခရစ်နှစ် ၂၀၀၀တွင် ၇၅% မှ ၈၀%ထိ ရှိနေပြီဟု တွက်ချက်ပြသည်။ ဤသို့ဖြင့် ပညာရှင်အသီးသီး၏ လေ့လာဆန်းစစ်ချက်များကို ချုပ်လိုက်လျှင် ၂၁ ရာစု ကမ္ဘာကြီး၏ အချင်းအရာသစ်ကို ထင်ထင်ရှားရှား တွေ့နိုင်မည် ထင်ပါသည်။ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများ၏ 'လူမှုရေး ဗဟိုချက်' (Social Center Of Gravity)မှာ အရင်းလည်း မဟုတ်၊ လုပ်အားလည်းမဟုတ်၊ ပညာဖြစ်လာပြီဆိုသော အချက်ဖြစ်သည်။

**ဝေါဟာရအရွေ့**

ဤနေရာတွင် 'ပညာ'ဟူသော ဝေါဟာရနှင့် ပတ်သက်ပြီး ပြောဖို့ လိုမည်ထင်သည်။ အင်္ဂလိပ် စကားလုံး(Knowledge)ကို 'ပညာ'ဟု ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။ (Knowledge)၏အစဉ်အလာ ဘာသာပြန် 'ဗဟုသုတ'နှင့် ကွဲပြားခြားနားစေလို၍ 'ပညာ' လုပ်လိုက်ရသော်လည်း ဘဝင်မကျလှပါ။ (Education)ပညာရေးနှင့်လည်း မရော

ထွေးစေချင်၍ 'ရေး' ဖြုတ်ပြီး 'ပညာ'လုပ်လိုက်ရပါသည်။(စာရေးသူ၏ ဘာသာ ပြန်မကျွမ်းကျင်မှုဟု ဝန်ခံပါသည်။)

ကျွန်တော်တို့ဆီမှာသာ မဟုတ်။ သူတို့ဆီမှာလည်း (Knowledge) နှင့် ပတ်သက်ပြီး နားလည်ပုံခြင်း မတူကြပါ။ အစဉ်အလာအယူအဆက 'ဗဟုသုတ'ဟုသာ နားလည်ပါသည်။ ဒီထက်ရှင်းအောင် ပြောရလျှင် ပညာရှိစကား၊ သို့မဟုတ် စာအုပ်ထဲကစာသာ ဖြစ်ပါသည်။ဗဟုသုတရှိသူ ဆိုလျှင် အကြားအမြင်များသူဟူ၍သာ နားလည်ကြပါသည်။

လူမှုဗေဒ ပညာရှင်များနှင့် ဘောဂဗေဒပညာရှင်များ၏ အလို အရမူ စာအုပ်ပုံကြားထဲမှ ထွက်လာသော 'ဗဟုသုတ'များမှာ ပညာမဟုတ် ပါ။ 'အင်ဖော်မေးရှင်း' သို့မဟုတ် 'ဒေတာ'များသာ ဖြစ်သည်။ ယင်းတို့ကို 'အလုပ်'နှင့် ဆက်စပ်နိုင်ပါမှ 'ပညာ'ဟု ယူပါသည်။'အင်ဖော်မေးရှင်း' နှင့်'ဒေတာ'များကို အသုံးတည့်အောင် အသွင်ပြောင်းပြီးသား 'အိုင်ဒီယာ' မျိုးမှ 'ပညာ'မည်ပါသည်။

ဗဟုသုတမှာ ပညာရှိသူကောင်းမျိုးများ၏ အဆင်းတန်ဆာ ဖြစ် သည်။ ဆင်စွယ်နန်းထက်တွင် စံပယ်ပါသည်။ 'ပညာ'က စီးပွားရေး လူမှုရေးတို့နှင့် ဆက်စပ်နေသည်။ မြေကြီးပေါ်မှ ဖြစ်ပါသည်။ 'ဗဟုသုတ' မှာ ပညာရှိတို့၏သမိုင်း' (Intellectual History)နှင့် ဆက်စပ်နေသည်။ (မြန်မာသမိုင်းက ဝန်ဇင်းဖိုးရာဇာလိုမျိုး)ပညာမှာ 'နည်းပညာသမိုင်း'နှင့် ဆက်စပ်ပါသည်။ လူတို့၏ ကရိယာတန်ဆာပလာများ အသုံးပြုမှုနှင့် ဆိုင် သည်။ ကုန်ထုတ်လုပ်ငန်းနှင့်တွဲနေသည်။ (ပုဂံလူစွမ်းကောင်း ငထွေးရူး၏ ထန်းတက်ပညာမျိုး) 'ဗဟုသုတ'က ကြီးကျယ်ခမ်းနားမှုနှင့် ဆိုင်သည်။ 'ပညာ'က အသုံးတည့်မှုနှင့် ပတ်သက်ပါသည်။

'ပညာ'ကြောင့် အလုပ်၏ အခန်းကဏ္ဍ ပျောက်သွားလိမ့်မည် ဆိုသော အပြောအဆိုများ ရှိပါသည်။ မမှန်ပါ။ အလုပ်ကို ပညာနှင့် ချိတ် နိုင်သည်နှင့်အမျှ အလုပ်မှာ မပျောက်ရုံမျှမက အစွမ်းပင် ပိုထက်လာ ပါသည်။ ပညာမြင့်လေ အလုပ်စွမ်းရည် တက်လေဟု ဆိုနိုင်ပါသည်။ 'ပညာ'က 'ကျွမ်းကျင်မှု' (Skill)ကို ဖယ်ထုတ်ပစ်လိမ့်မည်ဟုလည်း ပြောကြသေးသည်။ ဒါလည်း မမှန်ပါ။ စက်မှုခေတ်အထိ ကျွမ်းကျင်မှုကို 'အတွေ့အကြုံ' (Experience) နှင့် ဖြည့်ဆည်းခဲ့ကြသည်။ သတင်း

နည်းပညာခေတ်တွင် မလုံလောက်တော့ပါ။ ပညာနှင့် ဖြည့်ဆည်းဖို့ အရေးကြီးလာပါသည်။ ပညာကြောင့် ကျွမ်းကျင်မှု ပြိုဆင်းမသွားပါ။ အရည်အသွေးမြင့်၍ပင် လာနိုင်ပါသည်။

ဤမျှဆိုလျှင် 'ပညာ'၏ သဘောကို မှန်းဆ၍ ရနိုင်လောက်ပြီထင်ပါသည်။

## အလုပ်အင်အားစုသစ်

'ပညာအလုပ်သမား' (Knowledge Worker)ဆိုသောဝေါဟာရကိုလည်း အတော်များများ နားယဉ်နေလောက်ပြီ ထင်ပါသည်။ အသိပညာရှင်ဖြစ်စေ( Mental Worker) နှင့်တော့ မရောထွေးဖို့ လိုပါသည်။ သမရိုးကျပညာနှင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသော စာရေးစာချီ၊ ကျောင်းဆရာ၊ ရှေ့နေ၊ ဆရာဝန်တို့နှင့် မတူပါ။ သတင်းနည်းပညာတော်လှန်ရေးကြီးနှင့်အတူ မွေးဖွားလာသော အလုပ်အင်အားစုအသစ်ဖြစ်ပါသည်။ ခေတ်မှီဆန်းပြားမှု အဆင့်မြင့်မှု၊ စူးရှမှုတို့တွင် ထိပ်ဆုံးမှရှိနေမည့် ပညာမျိုး ဖြစ်ပါ သည်။ သုတေသနလုပ်ငန်း၊ တီထွင်မှုတို့နှင့်ဆက်စပ်နေပါမည်။ထုတ်လုပ်ရေးအစ စီမံခန့်ခွဲမှုအလယ် ပေါ်လစီချမှတ်ရေး အဆုံးနယ်ပယ် အားလုံးနှင့် အကျုံးဝင်သောပညာကို ဆိုလိုရင်းဖြစ်ပါသည်။

ဤနေရာတွင်လည်း ဇာတ်ရည်လည်စေရန် နောက်ခံကားအချို့ကို အကျဉ်းမျှ ပြန်ဖော်ဖို့လိုမည်ထင်ပါသည်။ ၁၉ ရာစု ပညာရှင်များ၏ ဟောကိန်းနှင့် ဆက်လက် ပေါ်ပေါက်လာသော ဖြစ်ထွန်းမှုအသစ်များကို တစ်ချက်မျှ ပြန်ကြည့်စေလိုသည်။ 'လုပ်အားဆွဲဆန့်ခြင်းသဘောတရား' (Extension of Labour) အကြောင်းကို 'ကားလ်မာက်(စ်)က ကျကျနန ဖော်ထုတ်ပြခဲ့သည်။ လုပ်အားကို နည်းနှစ်နည်းဖြင့်ဆွဲဆန့်နိုင်သည်ဟု ဆိုပါသည်။ ဖိခိုင်းသောနည်း(By Force Hard Work)နှင့် အလုပ်ချိန်ကြာကြာခိုင်းခြင်း (Prolonged Work Time) တို့ဖြစ်သည်။ စက်မှုတော်လှန်ရေးမတိုင်မီက ပထမနည်းကို အဓိကသုံးခဲ့ပြီးနောက်ပိုင်းတွင် ဒုတိယနည်းကို သုံးလာကြသည်။ ဤအချက်မှ နေ၍နာမည်ကျော် 'အပိုတန်ဖိုးသဘောတရား' (Theory of Supplus Value)

ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ မာက်(စ်)၏တွေ့ရှိချက်ကို ဆက်လက်ဖြည့်ဆည်းခဲ့သူမှာ 'ဖရက် ဒရစ်တေလာ' ဆိုသော ပညာရှင် ဖြစ်သည်။ သူက 'ပညာ' ဖြင့်လည်းလုပ်အားကို ဆွဲဆန့်နိုင်သည်ဟု ဆိုသည်။

စက်မှုအရင်းရှင်စနစ်မှာ 'မာက်(စ်)' ထောက်ပြခဲ့သော နည်းများကို တွင်တွင်ကျယ်ကျယ် သုံးခဲ့ရာမှ ကိုလိုနီစနစ်၊ နယ်ချဲ့စနစ် သမိုင်းများကို ဖြတ်ခဲ့ရသည်။ ဤနောက်ခံကားတွင် မာက်(စ်)တစ္ဆေကြီးကို မွေးထုတ်လိုက်သလို ဖြစ်ခဲ့ရပြီး ရာစုတစ်ခုနီးပါးမျှ အကြိတ်အနယ် နပမ်းလုံးခဲ့ရသည်။ တစ္ဆေရန်အေးတော့မှ ပေါ်လစီစစ်ဆေးမှုများကို လုပ်နိုင်ဟန်တူသည်။

၂၀ ရာစုနှောင်းပိုင်း သတင်းနည်းပညာ တော်လှန်ရေးကြီး ပေါ်ပေါက်လာတော့မှပင် 'တေလာ'၏ နည်းကို လက်တွေ့ကျင့်သုံးနိုင်ရန် အချက်အလက်များ ပြည့်စုံလာသည်ဟု ဆိုနိုင်မည် ထင်ပါသည်။ ပထမဆုံး စမ်းသပ်ကျင့်သုံးခဲ့သည်မှာ စီမံခန့်ခွဲမှု မန်နေဂျာမှာ အလုပ်ရှင်နှင့် အလုပ်သမားကြား၊ ပွဲစားသဘောမျှသာ ဖြစ်သည်။ ယခု မန်နေဂျာမှာ အလုပ်ရှင်နှင့် အလုပ်သမားကြား၊ ပွဲစားသဘောမျှသာ ဖြစ်သည်။ ယခုမန်နေဂျာသစ်က 'ပညာ'ကိုင်ပြီး ဝင်လာသူ ဖြစ်သည်။ ဆက်တိုက်ဆိုသလိုပင် နယ်ပယ်အသီးသီးတွင် ပညာ လက်နက်ကိုင်ဆွဲသူများ ဝင်ရောက်လာကြပါသည်။ အထူးသဖြင့် သတင်းနည်းပညာ နယ်ပယ်၊ ပညာရေးနှင့် သုတေသနနယ်ပယ်တို့မှာ သူတို့၏ ကျင်လည်ကျက်စားရာ ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် 'ပညာအလုပ်သမားများ'မှာ လူမှုစီးပွားရေး ဇာတ်ခုံပေါ်သို့ ရောက်လာခဲ့ပါသည်။

ဤသို့ဆိုလျှင် 'ပညာအလုပ်သမား'ကို 'စက်မှုအလုပ်သမား'၏နေရာသို့ ဝင်လာသူဟု ယူဆရမလို ဖြစ်နေသည်။ သူတို့မှာ စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်သူများဖြစ်၍ အလုပ်သမားဟူ၍တော့ ပြော၍ရသည်။ သို့သော် အစေစားခံ သက်သက်မဟုတ်။ စီမံခန့်ခွဲမှုပိုင်း(အထူးသဖြင့် ပေါ်လစီပိုင်း)တွင် အတွင်းကျကျ ပါဝင်သူများဖြစ်၍'ဘော့(စ်)' တစ်ပိုင်းဟုလည်း ဆိုနိုင်သည်။ သို့သော် မည်သူ့ကိုမျှ သွေးစုပ်သည်မဟုတ်။ ကိုယ့်ပညာနှင့်ကိုယ် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်သည်။ 'ဘော့(စ်)' အစစ်မှာ သူတို့၏ ပညာကို အားကိုးနေရ၍

သူတို့ကို မလေးမခန့် လုပ်လို့မရ။ လက်အောက်ခံလိုသဘောထားမရ။ 'ဘော့(စ်)'နှင့် သူတို့၏ ဆက်ဆံရေးက လုပ်ဖော်ကိုင်ဖက် သဘောဆောင်သည်။

ဤသို့ဖြင့် ထူးဆန်းသော ဝိသေသလက္ခဏာများရှိသည့် အလုပ်အင်အားစု အသစ်တစ်ရပ် ပေါ်ထွက်လာခဲ့ပါသည်။ ထို့ထက် ဤအင်အားစုမှာ စီးပွားရေးယန္တရားကြီး တစ်ခုလုံး၏ အချက်အချာနေရာတွင် ပါဝင်လှုပ်ရှားနေကြသူများလည်း ဖြစ်နေပြန်သည်။ (၂၁)ရာစုသည် သူတို့၏ခေတ်ဟူ၍ပင် အပြောအဆိုများ ရှိလာကြပါသည်။

ကျော်ဝင်း၊ ကမ္ဘာကြီးရဲ့မနက်ဖြန်၊ ပညာရွှေတောင်စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၀၂၊ စာ ၁-၁၁